## Highlights from DVB Debate’s Resource Sharing

May 16, 2015

## “Can Resource Sharing end the Civil War?”

“၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မြေပေါ်မြေအောင်၊ လေပေါ်လေအောင်၊ ရေပေါ်ရေအောက် သယံဇာတကို နိုင်ငံတော်က ပိုင်တယ်လို့ရေးထားတယ်။ ဒီနိုင်ငံတော်က ဘယ်သူလဲ ဆိုတာ ကျနော်တို့က မေးခွန်းထုတ်စရာဖြစ်နေတယ်။ ၂၀၀၈ဖွဲ့စည်းပုံ ဇယား ၅ မှာ အာဏာခွဲဝေမှုရှိတယ်၊ အခွန်ခွဲဝေမှုရှိတယ် ဒါပေမယ့် သယံဇာတခွဲဝေရေးဆိုတာ မပါသေးဘူး။ ဒါက ပြဿနာဖြစ်နေတယ်”

ခွန်ချန်ကီ - ပအိုးဝ်အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်

---

“သဘာဝသယံဇာတကို ခံစားခွင့် ကိုယ့်မှာ တိုက်ရိုက်မရှိနေဘူး။ အဲက ရလာတဲ့ အကျိုးအမြတ်ကို ကိုယ်က ဘယ်လိုသုံးစွဲချင်ပါတယ်လို့ ပြောခွင့်မရတဲ့ အနေအထားမှာ ကျမတို့ ပြည်သူတွေ၊ ဒေသခံတွေ ရှိနေပါတယ်”

နော်အိအိမင်း - ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ ဒါရိုက်တာ

---

“အိမ်တအိမ်မှာ ကိုယ့်မိဘ စီမံခန့်ခွဲမှုမရှိရင် တယောက်တပေါက် ပြဿနာဖြစ်လာမှာပဲ။ လက်ရှိမြန်မာနိုင်ငံမှာဖြစ်နေတဲ့ သယံဇာတခွဲဝေမှုပြဿနာကတော့ ဦးဆောင်နေတဲ့ ပုဂ္ဂိုလ်တွေ မကောင်းလို့ပဲ”

ခွန်သီဟစိုး - ဆီဆိုင်မြို့နယ်ပရိသတ်

---

“ပင်လုံစာချုပ်က သန္နိဋ္ဌာန်တည်လာတဲ့ နိုင်ငံရေးပြဿနာ၊ တန်းတူညီမျှမှုပြဿနာ၊ ဗမာ ၁ ကျပ် ရှမ်း ၁ ကျပ်ပေးမယ်ဆိုတဲ့ စကားတွေ ကတိမတည်ခဲ့လို့ အခုထိ ငြိမ်းချမ်းရေးဆွေးနွေးလို့ မရသေးဘူး။ ငြိမ်းချမ်းရေးဆွေးနွေးမှုအောင်မြင်ချင်ရင် အာဏာခွဲဝေရေး၊ သယံဇာတခွဲဝေရေး သေချာပေါက် လုပ်ရမှာပဲ”

စိုင်းမောင်တင် - ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

---

"ကျနော်တို့ ညောင်ရွှေကတော့ သယံဇာတသိပ်မထွက်ဘူးဗျ၊ ဒါပေမယ့် သီးနှံထွက်တယ်၊ သီးနှံခွန်။ နောက်ခရီးသွားလုပ်ငန်းကနေ အခွန်အခထွက်တယ်။ ကျနော်တို့ ညောင်ရွှေတိုးတက်ရေး သုံးဖို့ရမယ်ဆို ကျနော်တို့လဲ ဒေသတိုးတက်ရေးအတွက် ရချင်ပါတယ်"

ဦးတင်မောင်ထူး - ညောင်ရွှေ အန်အယ်လ်ဒီ

---

"ခနောက်စိမ်းတူးတာတွေ၊ ကျောက်မီးသွေးတူးနေတာတွေရှိတယ်။ သယံဇာတခွဲဝေရေးပြောရာမှာ နိုင်ငံကိုရော အဲဒီ ဝင်ငွေတွေ တကယ်ဝင်နေရဲ့လား? လိုင်စင်မပါဘဲ တူးဖော်နေတာတွေဟာ ဘေးပေါက်နေ ခြံစည်းရိုးကျော် တဖက်ကိုဝင်သွားမှာပဲ။ လိုင်စင်မဲ့တူးဖော်နေတာတွေကို သက်ဆိုင်ရာ ဌာနတွေ၊ ဒေသအစိုးရတွေ မျက်ကွယ်ပြုနေတယ်။"

ဦးဇော်ထွန်း - ဘက်စုံဖွံ့ဖြိုးရေးအမှုဆောင်အဖွဲ့

---

"သုတေသနမရှိလို့ ကျမတို့မသိလိုက်တဲ့ ဆုံးရှုံးတဲ့ ဘဏ္ဍာတွေလည်း အရမ်းများမှာပါ။ နောက်တခုက ပြည်သူတွေ ပြောဆိုရဲတဲ့ သတ္တိရှိသလို အစိုးရဘက်ကလည်း တာဝန်ခံရဲတဲ့ သတ္တိရှိဖို့လိုပါတယ်။ ဒီစီမံကိန်း ကျမခွင့်ပြုလိုက်တာ လိုအပ်ရင် ကျမနဲ့လာဆွေးနွေး…ဒီလို လမ်းကြောင်းလေးဖွင့်ပေးရမယ်။ အခုက ဘယ်သူခွင့်ပြုမှန်း မသိလိုက်ဘူး…တာဝန်ခံလည်း ဝေဝေဝါးဝါးတွေဖြစ်နေတယ်။"

နော်အိအိမင်း - ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့ ဒါရိုက်တာ

---